ရာဇဝတ်မှုအကြောင်း သိကောင်းစရာ



ရာဇဝတ်မှုဆိုသည်မှာ

- ရာဇဝတ်မှုကို ယခုအခါ ပြစ်မှုလို့လည်းခေါ်ပါတယ်။ ရာဇဝတ်ပြစ်မှုလို့ခေါ်ကြတာလည်းရှိပါတယ်။



- ပြုလုပ်မှုကြောင့်ဖြစ်ဖြစ်၊ ပျက်ကွက်မှုကြောင့်ဖြစ်ဖြစ် ဥပဒေပြုအဖွဲ့ရဲ့ တားမြစ်ထားချက်တွေကိုဖောက်ဖျက်ကျူးလွန်ရင် ဘယ်လိုပြစ်ဒဏ်ချမှတ်ရမယ်ဆိုပြီး အတိအလင်း ပြဋ္ဌာန်းထားတာရှိပါတယ်။
- ကျူးလွန်သူရဲ့ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် လူအများကို လူအဖွဲ့အစည်းကို ထိခိုက်နစ်နာစေတဲ့ အမှုမျိုးပါ။

တရားလိုသည် နိုင်ငံတော်

- ရာဇဝတ်ပြစ်မှုတွေမှာ သတင်းပေးတိုင်တန်းသူဟာ သင်ကိုယ်တိုင်ဖြစ်နိုင်ပါတယ်။ အခြားသူလည်း ဖြစ်နိုင်ပါတယ်။ဒါပေမယ့် ဥပဒေသဘောအရ တရားလိုသည် နိုင်ငံတော်ပဲဖြစ်ပါတယ်။သင်ကရဲစခန်းမှာတိုင်တန်းရင် အမှုကိုရဲကစုံစမ်းစစ်ဆေးပါတယ်။ ကျူးလွန်သူကို တရားစွဲတဲ့အခါမှာလည်း အမှုလိုက်ဥပဒေအရာရှိက သင့်ဘက်က လိုက်ပါဆောင်ရွက်ပေးပါတယ်။ ရှေ့နေငှားရမ်းစရာမလိုပါဘူး။ ရဲတို့ဥပဒေအရာရှိတို့ကိုအခကြေးငွေပေးစရာမလိုပါဘူး။ နိုင်ငံတော်က (ထိခိုက်နစ်နာသူ) သင့်ကိုယ်စား ဆောင်ရွက်ပေးပါတယ်။ ရာဇဝတ်မှုများကြောင့် လူအဖွဲ့အစည်းရဲ့ လုံခြုံမှုကို ထိခိုက်နစ်နာစေလို့ပဲ ဖြစ်ပါတယ်။
- ရာဇဝတ်မှုကျူးလွန်သူကိုအရေးယူပေးဖို့ တိုင်တန်းပုံနှစ်မျိုးရှိပါတယ်။ တစ်မျိုးက သက်ဆိုင်ရာရဲစခန်းမှာ (FIR) လို့ခေါ်တဲ့ပထမ သတင်းပေးတိုင်ချက်ရေးဖွင့်တာပါ။ First Imformation Report ပေါ့။ သင်ကတိုင်ကြားချက်ပြုရင် ရဲက ရေးမှတ်ယူရပါတယ်။ တယ်လီဖုန်းနဲ့လည်း တိုင်တန်းနိုင်ပါတယ်။
- နောက်တစ်မျိုးက တရားရုံးကို တိုက်ရိုက်လျှောက်ထားတာပါ။ ဦးတိုက်မှုလို့ ခေါ်ပါတယ်။
- ရဲအရေးပိုင်တဲ့အမှုကို ရဲက တိုင်ချက်လက်ခံရေးဖွင့်၊ စုံစမ်းစစ်ဆေးပြီး အမှုတည်ဆောက်စွဲဆိုရပါတယ်။
- ရဲအရေးမပိုင်တဲ့အမှုကို တရားရုံးမှာဦးတိုက်လျှောက်ရပါတယ်။ရဲအရေးပိုင်တဲ့အမှုကိုလည်း ဦးတိုက်လျှောက်ထားနိုင်ပါတယ်။

ရာဇဝတ်မှုခင်းတစ်ခုအရေးယူဖို့အတွက် စတင်ဖွင့်လှစ်ရတဲ့တံခါးနှစ်ချပ်ပါ။ ကြိုက်တဲ့တံခါးကို ဖွင့်နိုင်ပါတယ်။

စုံစမ်းစစ်ဆေးခွင့်နှင့်စီရင်ပိုင်ခွင့်အာဏာ

- ရာဇဝတ်မှုခင်းကို သက်ဆိုင်ရာနယ်မြေ(အပိုင်)ရဲစခန်းမှာ တိုင်တန်းရသလိုတရားစွဲဆိုရင်လည်း စီရင်ပိုင်ခွင့်အာဏာရှိတဲ့ တရားရုံးမှာစွဲဆိုရပါတယ်။

ပြစ်မှုမှာ အကျူးဂင်တဲ့သက်သေခံပစ္စည်း တင်ပို့ရပါတယ်။ စီရင်ပိုင်ခွင့်အာဏာရှိတဲ့တရားသူကြီးကပဲ စစ်ဆေးစီရင်ရပါတယ်။

(တရားရုံးများနဲ့တရားသူကြီးများရဲ့စီရင်ပိုင်ခွင့် အာဏာကို ဥပဒေပြဋ္ဌာန်းပြီး သတ်မှတ်ပေးထားပါတယ်)

စီရင်ပိုင်ခွင့်အာဏာရတရားရုံး

- တရားမမှုတွေမှာ အမှုတန်ဖိုးအလိုက် စီရင်ပိုင်ခွင့်အာဏာဆိုတာရှိပေမယ့် ရာဇဝတ်မှုမှာ မရှိပါ။

ဒါပေမယ့် ဒေသအလိုက်စီရင်ပိုင်ခွင့်အာဏာ၊ အမှုအမျိုးအစားနဲ့ပြစ်ဒဏ်အလျောက် စီရင်ပိုင်ခွင့်အာဏာဆိုတာရှိပါတယ်။ ဥပဒေ ပြဋ္ဌာန်းထားပါတယ်။



တရားစွဲဆိုခွင့်ပြုမိန့်

- စီရင်ပိုင်ခွင့်အာဏာရှိတဲ့တရားရုံးမှာ ရာဇဝတ်မှုကို အရေးယူပေးဖို့ တိုင်တန်းစွဲဆိုနိုင်တာ မှန်ပါတယ်။ ဒါပေမယ့် နိုင်ငံတော်သမ္မတ သို့မဟုတ် သက်ဆိုင်ရာဂန်ကြီးဌာနရဲ့ "တရားစွဲဆိုခွင့်ပြုမိန့်" (sanction)ရရှိမှ တရားစွဲဆိုရမယ်လို့ဥပဒေကသတ်မှတ်ပြဋ္ဌာန်းထားရင် "တရားစွဲဆိုခွင့်ပြုမိန့်"မပါဘဲ တရားစွဲလို့မရပါဘူး။

(ဥပမာ၊ လူကုန်ကူးမှု၊ အပကာ-၃လို့ခေါ်တဲ့ အများပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ-၃ အရစွဲဆိုတဲ့အမှုမျိုးမှာ တရားစွဲဆိုခွင့်ပြုမိန့်လိုအပ်ကြောင်း ဥပဒေပြဋ္ဌာန်းထားပါတယ်)



အာမခံ

ရဲတပ်ဖွဲ့က တရားစွဲတင်ပို့တဲ့အမှုတွေမှာ ဥပဒေအရ အာမခံပေးရမယ့်အမှုမျိုးကို ရဲခံဝန်နဲ့တင်ပို့ပါတယ်။ အာမခံမပေးနိုင်တဲ့အမှုဆိုရင် တရားခံကို အချုပ်နဲ့ တင်ပို့ပါတယ်။ တရားရုံးကို ဦးတိုက်လျှောက်ထားတဲ့ အမှုမှာ အာမခံပေးနိုင်တဲ့အမှုနဲ့ အာမခံမပေးနိုင်တဲ့ အမှုဆိုတာရှိပါတယ်။

တရားရုံးရှေ့ကိုစွပ်စွဲခံရသူစတင်ရောက်ရှိတဲ့ အချိန်မှာ အာမခံလျှောက်ထားခွင့်ရှိပါတယ်။

အာမခံပေးရမယ့် အမှုနဲ့အာမခံပေးနိုင်တဲ့အမှုများမှာ စွပ်စွဲခံရသူက ရုံးချိန်မှန်မှန်လာပါမယ်၊ ထွက်ပြေးတိမ်းရှောင်ခြင်းမပြုပါဘူး၊ သက်သေများကို ဖျက်ဆီးခြင်း မပြုပါဘူးဆိုပြီး ခံဝန်ချုပ်ဆိုရပါတယ်။ ခံဝန်စည်းကမ်းကို လိုက်နာရပါတယ်။ ခံဝန်ဖောက်ဖျက်ရင် ပြန်လည်ချုပ်နှောင်ခြင်းခံရပါမယ်။ အမှုအတောအတွင်း ထွက်ပြေးတိမ်းရှောင်ရင် ခံဝန်သူ (အာမခံသူ)တွေကို ဥပဒေအရ အရေးယူဆောင်ရွက် ရပါတယ်။

သေဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ်ထိုက်သင့်တဲ့ ပြစ်မှုနဲ့စွပ်စွဲခံရသူတွေကလည်းအာမခံလျှောက်နိုင်ပါတယ်။ စွပ်စွဲခံရသူဟာ ချိုနဲ့နာမကျန်းသူဖြစ်ရင်၊ ကလေးသူငယ်ဖြစ်ရင်၊ အမျိုးသမီးဖြစ်ရင် အစရှိတဲ့(ခြွင်းချက်များ)အရ တရားရုံးကအာမခံပေးနိုင်ပါတယ်။ စွပ်စွဲခံရသူကို အာမခံနဲ့ထုချေခွင့်ပြုတာက လူယဉ်ကျေးမှုရှင်သန်ကြီးထွားလာခြင်းရဲ့ အမှတ်လက္ခဏာပါ။ (တရားရုံးရှေ့ရောက်ရှိပြီးတဲ့စွပ်စွဲခံရသူကို တရားရုံးမလာဘဲ နေခွင့်ပြုတဲ့အခြေအနေမျိုးလည်း ရှိတတ်ပါတယ်)

အမှုစစ်ဆေးစီရင်ပုံ-ဥပမာ



ထောင်ဒဏ် ၆ လနှင့်အောက်အမှုကို သမ္မာန်မှူးလို့ ခေါ်ပြီး ထောင်ဒဏ် ၆ လ အထက်အမှုကို ဂရမ်းမှူးလို့ ခေါ်ပါ တယ်။

(၁)သမ္မာန်မှူးကို သမ္မာန်မှူးစစ်ဆေးနည်းနဲ့ စစ်ဆေးပါတယ်။

(၂) ဂရမ်းမှူးကို ဂရမ်းမှူးစစ်ဆေးနည်းနဲ့စစ်ဆေးပါတယ်။

(၃)ဥပဒေအရအကျဉ်းနည်းစစ်ဆေးတာလည်းရှိပါတယ်။

သမ္မာန်မှူးမှာ စွပ်စွဲခံရသူရုံးရှေ့ရောက်တဲ့အခါ စွပ်စွဲထားတဲ့ပြစ်မှုကို ဖတ်ပြပြီးအပြစ်ရှိမရှိမေးမြန်းပါတယ်။ ဂနံခံရင်သက်သေစစ်ဆေးဖို့ မလိုတော့ဘဲ အပြစ်ပေးနိုင်ပါတယ်။ အပြစ်မရှိကြောင်းငြင်းဆိုရင် နှစ်ဖက်သက်သေတွေကို စစ်ဆေးပြီးမှ အမိန့်ချမှတ်ရပါတယ်။

ဂရမ်းမှူ မှာ တရားလိုဘက်သက်သေများကို ဦးစွာစစ်ရပါတယ်။သာမန်အားဖြင့် တိုင်တန်းသူ(တရားလို)ကို စတင်စစ်ပါတယ်။ တရားလိုကိုမစစ်သေးဘဲ တရားလိုပြ သက်သေကိုစပြီးစစ်တာမျိုးလည်း ရှိနိုင်ပါတယ်။ (အဲဒီလိုမစစ်ဆေးရဘူးလို့ ဥပဒေက တားမြစ်ထားတာ မရှိပါဘူး)

တရားလိုပြသက်သေတွေကို စစ်ဆေးပြီး ပြစ်မှုကျူးလွန်ကြောင်းမထင်ရှားရင် "တရားရှင်" လွှတ်ရပါတယ်။ထင်ရှားရင်အကျူးပင်တဲ့ပုဒ်မနဲ့ စွဲချက်တင်၊ ပြန်ခေါ်သက်သေ(recall)စစ်ဖို့ တရားခံက တောင်းဆိုရင် လိုပြသက်သေကို ပြန်ခေါ်ပေးရပါတယ်။ပြီးမှ တရားခံနဲ့ ခံပြသက်သေများကို စစ်ဆေးရပါတယ်။ သက်သေခံချက်များအရ ပြစ်မှုကျူးလွန်ကြောင်း မထင်ရှားရင် "တရားသေ"လွှတ်ရပါတယ်။ ပြစ်မှု ထင်ရှားရင် အပြစ်ပေးရပါတယ်။



အပူခံမှုပြင်ဆင်မှုများ

အမှုစတင် စစ်ဆေးစီရင်တဲ့တရားရုံးကို "မူလရုံး"လို့ ခေါ်ပါတယ်။ မူလရုံးက ပြစ်မှုထင်ရှားစီရင်တာကို တရားခံက မကျေနပ်ရင်တစ်ဆင့်မြင့် တရားရုံးကို အယူခံဝင်နိုင်ပါတယ်။

မူလရုံးက တရားရှုံလွှတ်တဲ့အမိန့်၊ဒါမှမဟုတ် အပြစ်ပေးလိုက်ပေမယ့်ပြစ်ဒဏ်နည်းတယ်လို့တရားလိုဘက်က ယူဆတဲ့အမိန့်ကိုပြင်ဆင်မှု စီရင်ပိုင်ခွင့်ရှိတဲ့ အထက်တရားရုံးမှာ ပြင်ဆင်မှုတင်သွင်းနိုင်ပါတယ်။ ရာဇဝတ်ပြစ်မှုစီရင်ဆုံးဖြတ်ချက်များကို မကျေနပ်တဲ့ဘက်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်အထိ ဥပဒေခွင့်ပြုချက်နဲ့အညီ အယူခံမှုပြင်ဆင်မှုများ အဆင့်ဆင့်တက်ရောက်နိုင်ပါတယ်။

အထူးအယူခံမှု- ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ဆုံးဖြတ်ချက်ကိုပင်လျှင် အထူးအယူခံဝင်ခွင့်ပြု ဖို့ လျှောက်ထားနိုင်ပါတယ်။

အပြီးအပြတ်- ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ စီရင်ဆုံးဖြတ်ချက်က အပြီးအပြတ်အတည်ဖြစ်ပါတယ်။

ကြေအေးခြင်းနဲ့ ရုပ်သိမ်းခြင်း

အမှုကြေအေးပုံနစ်မျိုးရှိပါတယ်။ တရားရုံးရဲ့ခွင့်ပြုချက်မလိုဘဲ ကြေအေးနိုင်တဲ့အမှုနဲ့ တရားရုံးခွင့်ပြုချက်ရရှိမှ ကြေအေးနိုင်တဲ့အမှုပါ။

(ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၄၅ မှာ ပြဋ္ဌာန်းပါတယ်) ပြစ်မှုကျူးလွန်ခံရသူ(နစ်နာသူ)ကိုယ်တိုင်ကသာ ကြေအေးနိုင်ပါတယ်။

အမှုရုပ်သိမ်းခြင်းဆိုတာ ဥပဒေအရ ကြေအေးခွင့်မပြုနိုင်တဲ့အမှုကို အမှုရုပ်သိမ်းဖို့ ထိခိုက်နစ်နာသူကအစိုးရရှေ့နေ(ဥပဒေအရာရှိ)ထံ လျှောက်ထားချက်ကို ဥပဒေအရာရှိကသဘောတူရင် တရားရုံးကို ဆက်လက်တင်ပြပါတယ်။

ရုပ်သိမ်းခွင့်ပြု/မပြုကို ဥပဒေလုပ်ထုံးနည်းနာများအရ တရားရုံးကပဲ ဆုံးဖြတ်ပါတယ်။